The Myanmar Chronicle

လစဉ်အထူး

အတွဲ၁၊ အမှတ် ၂၊ ဧပြီ ၂၀၀၄



ADDA Systems
Software Development
That we are able is your advantage

Shwe Dream .com

MYANMARBIBLE.NET

Visitors Since 1st March 2004

How do you know about us?
from search engines
from emails
from advertisements
from friends
Submit

## “အိပ်မက်များ လှလှပပ အကောင်အထည်ပေါ် မည်ဆိုလျှင်”



တကယ် နေချင်၍ တကယ် ဝယ်ယူသည့် လူကုံထံများ ရှိသလို တိုက်ခန်းများကို ရောင်းဝယ်ဖောက်ကားရန် ကုန်ပစ္စည်းများ ဟု သဘောထားကာ ဝယ်ယူကြသူများလည်း ရှိပြန်သည်။ “အိမ်ခြံမြေ ဈေးကွက် ဆိုတာ ကားဈေးကွက်လို လုံးလုံး ပျက်သွားတာမျိုး မရှိဘူး။ အမြတ်နည်း သွားတာ၊ ငွေအောင်းထားရတာ အချိန်ကြာတာမျိုးပဲ ဖြစ်နိုင်တယ်။ ဒါကြောင့်အခုထိ ငွေအရင်းအနှီး ရှိသူတွေက တိုက်ခန်း အိမ်ခန်းတွေကို ဝယ်ယူ ရင်းနှီးနေကြတုန်းပါပဲ။” ဟု ရွှေစံအိမ် အိမ်ခြံမြေ အကျိုးဆောင်မှ တာဝန်ရှိသူ တစ်ဦးက ရှင်းပြသည်။ ရန်ကုန်မြို့ရှိ ကွန်ဒိုမီနီယမ် တိုက်ခန်း ပေါင်းများစွာကို လူနည်းစုက လှည့်ပတ် ဝယ ယူနေခြင်းမျိုး ဖြစ်နေပါသလား။

**Read More...**

## “မြန်မာပညာရှင်တွေထဲမှာလဲ နိုင်ငံတကာအဆင့်မီအောင် လုပ်နိုင်ကြတဲ့သူတွေ ရှိနေပါတယ်။”



စိတ်ထဲမှာတော့ မကောင်းဘူးဗျာ။ ကျွန်တော်တို့ဆီမှာက နိုင်ငံခြားသားကို အထင်ကြီး တတ်ကြတယ်။ အများကြီး မဟုတ်ရင်တောင်မှ မြန်မာ ပညာရှင်တွေထဲမှာလည်း နိုင်ငံတကာ အဆင့်မီအောင် လုပ်နိုင်ကြတဲ့သူတွေ ရှိနေပါတယ်။ နိုင်ငံခြားသား ပညာရှင် ငှားမယ်ဆိုရင် စကားပြောရတာ ခက်မယ်။ ကိုယ့်လူမျိုး ဆိုရင်တော့ စကားပြောလို့ဆိုလို့ လွယ်မယ်ဗျာ။ တစ်ခါ ငွေကုန်ကြေးကျလည်း အများကြီး ပိုသက်သာမယ်။ အခုရနေတာထက် နှစ်ဆလောက် တိုးပေးရင်တောင် နှစ်ဆမက ပိုလုပ်ပေးကြပါလိမ့်မယ်။ နိုင်ငံခြားသား ဆွဲလာတဲ့ဒီဇိုင်းက ဒီမှာသုံးဖို့ ခက်နေတာတွေရှိတယ်။

**Read More...**

## “ကွန်ဒိုနေသူတို့၏နှုတ်ထွက်စကား”



စိတ်ကူးမရှိဘူး။ လုံးချင်းပဲနေမယ်။ အခုဆို လုံးချင်းနေဖို့ အိမ်ရှာပြီးပြီ။

ဒေါ်စီစီ–ပုလဲကွန်ဒိုမီနီယမ်

အမြဲတမ်းနေသွားဖို့ပဲ စိတ်ကူးပါတယ်။

ဒေါ်ငြိမ်းငြိမ်း–ယုဇနတာဝါ

**Read More...**

The Myanmar Chronicle

လစဉ်အထူး

အတွဲ၁၊ အမှတ် ၂၊ မေ ၂၀၀၄



ADDA Systems
Software Development
That we are able is your advantage

Shwe Dream .com

MYANMARBIBLE.NET

## ''မြန်မာပညာရှင်တွေထဲမှာလဲ နိုင်ငံတကာအဆင့်မီအောင် လုပ်နိုင်ကြတဲ့သူတွေ ရှိနေပါတယ်။''

ဇေယျာအုန်း

ဓာတ်ပုံ-မြင့်ဇော်အောင်



ဆူးလေစေတီတော်

မြန်မာနိုင်ငံ၏ ဂုဏ်ယူလောက်သော ပြည်ပပို့ကုန်တစ်ခု ဖြစ်ခဲ့သည့် ကိုစန်းဦးမှာ ပြည်တွင်း၌ ဆူးလေဘုရားနှင့် အာဇာနည်ဗိမာန်ကဲ့သို့သော အထင်ကရ အဆောက်အအုံများကို ပုံစံထုတ်ပေးခဲ့ပြီး မလေးရှားနှင့်ထိုင်းနိုင်ငံတို့တွင် နိုင်ငံခေါင်းဆောင်များမှ အသိအမှတ်ပြုရလောက်သည့် အဆောက်အအုံပုံစံများကို ပါဝင်ရေးဆွဲခဲ့သူ ဗိသုကာပညာရှင် ဖြစ်ပါသည်။ ကိုစန်းဦးနှင့် သွားရောက်မေးမြန်းခဲ့သည်ထဲမှ ကောက်နုတ်ဖော်ပြရမည်ဆိုလျှင်-

မေး-နိုင်ငံခြားမှာအဆင်ပြေရဲ့သားနဲ့ ဘာကြောင့် မြန်မာပြည်ပြန်လာတာလဲ။

ဖြေ-ဟိုမှာနေရတာ အရမ်းအဆင်ပြေပါတယ်။ ငွေရေးကြေးရေးအရရော၊ နေရာပေးခံရတာရောပေါ့။ ပုံစံတွေအများကြီးလဲ ဆွဲခဲ့တယ်။ ဒါပေမယ့် ငါ့မြေပေါ်မှာရော ငါဆွဲထားတဲ့ အိမ်ပုံစံတွေ တည်ဆောက်ဖြစ်ရင်ဆိုတာကို စဉ်းစားမိပြီးတော့ အိမ်ပြန်လာတာပါ။

မေး-အထပ်မြင့်တွေဆောက်လုပ်ရာမှာ လိုအပ်တဲ့ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေကို ရှင်းပြပေးပါလား။

ဖြေ-သူတို့ဆီမှာက teamwork အပြည့်ရှိတယ်။ ပိုင်ရှင်ရယ်၊ consultant အင်ဂျင်နီယာတွေရယ်၊ ကန်ထရိုက်တာတွေရယ် သုံးဦးသုံးဖလှယ်က အပြည့်အဝပူးပေါင်းဆောင်ရွက်မှုရှိကြတယ်။ တစ်ခါ architecture၊ structure၊ sanitary၊ mechnical၊ eletrical စတဲ့ အင်ဂျင်နီယာတွေကလဲ အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ သူတို့ကိုလည်း တာဝန်ပေးဖို့လိုတယ်။

မေး-သူတို့အကုန်လုံးမပါလို့မရဘူးလား။

ဖြေ-ကန်ထရိုက်တိုက်ဆိုရင်တော့ ပုံကြမ်းကြည့်ပြီးဆောက်လို့ရပါတယ်။ အထပ်မြင့်အဆောက်အဦကြီးတွေဆိုရင်တော့ သူတို့တတွေ ပါဖို့လိုတယ်။

မေး-ဒီက developer တွေအနေနဲ့ ဒါကိုသိကြပါသလား။

ဖြေ-သူတို့ကတော့ အမြတ်အစွန်းကို ဦးတည်စဉ်းစားတတ်ကြတယ်။ ဒါလဲ မမှားပါဘူး။ ဒါပေမယ့် အမြတ်ထဲကနေ ပညာရှင်တွေ ငှားဖို့လိုတယ်ဆိုတဲ့ idea တော့ရှိရလိမ့်မယ်။

မေး-စောစောကပြောခဲ့တဲ့ အင်ဂျင်နီယာတွေထဲမှာ ဘယ်သူအရေးအကြီးဆုံးလဲ။

ဖြေ-အကုန်လုံးအရေးကြီးပါတယ်။ ဒါပေမယ့် ဗိသုကာပညာရှင်ကတော့ သူဆွဲထားတဲ့ ပုံစံအတိုင်း လိုက်လုပ်ဖို့၊ ဖြစ်မဖြစ်ဆိုတာကို စစ်ဆေးဖို့ တာဝန်ပါ ရှိပါတယ်။ ဒါကြောင့် ကဏ္ဍပေါင်းစုံက အင်ဂျင်နီယာတွေပါတဲ့အဖွဲ့မှာ သူက principal ဖြစ်နေတာပါ။ ဒီမှာတော့ ကျွန်တော်တို့ ဗိသုကာပညာရှင်တွေရဲ့ အခန်းကဏ္ဍက မထင်ရှားလှပါဘူး။

မေး-ဒီမှာရှိတဲ့ အထပ်မြင့်တိုက်ကြီးတွေကို ဘယ်လိုမြင်မိပါသလဲ။

ဖြေ-ဒီကအထပ်မြင့်တိုက်ကြီးတွေမှာ ပြတင်းပေါက်အပြင်ကို ဘယ်လိုသုတ်မလဲဆိုတာကို ဘယ်သူစဉ်းစားကြသလဲ။ နိုင်ငံခြားမှာဆိုရင်တော့ ဝရန်တာထွက်ကြည့်ဖို့ဆိုတာကိုတောင် ဒီဇိုင်းဆွဲရင် သတိထားကြတယ်။ ဟိုးအထပ်အမြင့်ကြီးပေါ်က ဘောလ်ပင်တစ်ချောင်း ပြုတ်ကျလာလို့ အောက်ကလူရဲ့ခေါင်းကို ထိမိရင် သေသွားနိုင်တယ်။

မေး-မြန်မာနိုင်ငံမှာ အထပ်မြင့်တိုက်တွေဆောက်ဖို့ ပညာရှင်တွေ အလုံအလောက်ရှိနေပြီလား။

ဖြေ-ယေဘုယျအားဖြင့်တော့ ရှိနေပြီလို့ပြောလို့ ရပါတယ်။ ကျွန်တော်တို့လို နိုင်ငံခြားမှာ အတွေ့အကြုံရလာခဲ့တဲ့ လူတွေလဲ ရှိနေပြီ။ ပစ္စည်းအရေအတွက် ဘယ်လောက်လိုသလဲဆိုတာ စနစ်တကျ စာရင်းပြုစုပေးနိုင်တဲ့ quantity surveyor တောင် ရှိပါတယ်။ ပြဿနာက ဒီလူတွေကို ပြည့်ပြည့်ဝဝ အသုံးမချနိုင်တာပဲ။

မေး-ဒီမှာရှိတဲ့ မြန်မာဆောက်လုပ်ရေးပညာရှင်တွေအနေနဲ့ ထိုက်ထိုက်တန်တန်ရော ရကြရဲ့လား။

ဖြေ-(ကျွန်တော်အပါအဝင်) မရကြပါဘူး။ ဒီနောက်ပိုင်းမှာတော့ တာဝန်ရှိပုဂ္ဂိုလ်တွေက အရည်အသွေးကို ဦးစားပေးကြတာဆိုလို့ အထိုက်အလျောက်တော့ ပိုရလာပါတယ်။ ဒါပေမယ့် လုပ်ပေးနိုင်သလောက် အသုံးချမခံရသေးဘူး။

မေး-''မြန်မာ'' နဲ့ ''နိုင်ငံခြားသား'' ဆိုတာ ကွာခြားရုံသက်သက်နဲ့ ဈေးကွာတာလား။ စွမ်းဆောင်ရည်ပါကွာလို့ ဈေးနှုန်းကွာခြား နေတာလား။

ဖြေ-စိတ်ထဲမှာတော့ မကောင်းဘူးဗျာ။ ကျွန်တော်တို့ဆီမှာက နိုင်ငံခြားသားကို အထင်ကြီးတတ်ကြတယ်။ အများကြီးမဟုတ်ရင်တောင်မှ မြန်မာပညာရှင်တွေထဲမှာလည်း နိုင်ငံတကာအဆင့်မီအောင် လုပ်နိုင်ကြတဲ့သူတွေ ရှိနေပါတယ်။ နိုင်ငံခြားသားပညာရှင်ငှားမယ်ဆိုရင် စကားပြောရတာခက်မယ်။ ကိုယ့်လူမျိုးဆိုရင်တော့ စကားပြောလို့ဆိုလို့ လွယ်မယ်ဗျာ။ တစ်ခါ ငွေကုန်ကြေးကျလည်း အများကြီးပိုသက်သာမယ်။ အခုရနေတာထက် နှစ်ဆလောက်တိုးပေးရင်တောင် နှစ်ဆမက ပိုလုပ်ပေးကြပါလိမ့်မယ်။ နိုင်ငံခြားသား ဆွဲလာတဲ့ဒီဇိုင်းက ဒီမှာသုံးဖို့ခက်နေတာတွေရှိတယ်။ ဥပမာ-သူတို့ဆီမှာသုံးတဲ့ အုတ်အနေအထားနဲ့ ဒီကအုတ်တွေနဲ့က မတူဘူးလေ။

မေး-အထပ်မြင့်တိုက်တွေကို ကြီးကြပ်စစ်ဆေးပေးမယ့် ပညာရှင်အဖွဲ့ ပေါ်လာတာကိုရော ဘယ်လိုသဘောရသလဲ။

ဖြေ-အပြည့်အဝကြိုဆိုပါတယ်။ ဒါပေမယ့် structure ကိုပဲ အဓိကထားတာမျိုးမဟုတ်ဘဲ ပိုပြီးစုံစုံလင်လင် စစ်ဆေးပေးစေချင်တယ်။ ဒါမှ ကျွန်တော်ပြောခဲ့တဲ့ ပညာရှင်တွေကို သုံးရကောင်းမှန်း၊ လိုအပ်မှန်း သိလာကြလိမ့်မယ်။ ပြိုမကျရဘူးဆိုတဲ့ လိုအပ်ချက်အပြင် public safety ရဖို့ပါ စစ်ဆေးပေးစေချင်တယ်။

မေး-ဒီဇိုင်းခအနေနဲ့ ဘယ်လိုယူပါသလဲ။

ဖြေ-ပုဒ်ပြတ်ယူတဲ့အခါယူတယ်။ ရာခိုင်နှုန်းယူတဲ့အခါ ယူတယ်။ နိုင်ငံခြားမှာလို သတ်မှတ်ထားတဲ့ စည်းစနစ်မရှိတော့ အဆင်ပြေသလို ကြည့်ယူရပါတယ်။ ဥပမာ-ဟိုကတိုက်တစ်လုံးဆိုရင် (နံရံပေါ်မှာရှိတဲ့ ဓါတ်ပုံတစ်ပုံကို လက်ညှိုးထိုးလျှက်)... ယူပါတယ်။

မေး-များတယ်လို့မပြောဘူးလား။

ဖြေ-အိမ်ရှင်ကပေးပါတယ်။ တန်ဖိုးရှိတဲ့မြေကြီးပေါ်မှာ တန်ဖိုးရှိတဲ့အိမ် ထွက်လာဖို့ တန်ရာတန်ကြေးပေးကြပါတယ်။

မေး-အထပ်မြင့်အဆောက်အအုံတွေ ရှိဖို့လိုအပ်ပါသလား။

ဖြေ-လိုအပ်ပါတယ်။ လူဦးရေအနေအထားအရ၊ စီးပွားရေးအနေအထားအရ၊ မြေအနေအထားအရ အထပ်မြင့်အဆောက်အအုံကြီးတွေ လိုပါတယ်။ ဒီဟာတွေအရ မဟုတ်ရင်တောင်မှ မြို့တော်ဂုဏ်အင်္ဂါဆိုတာကို ပြနိုင်ဖို့ လိုပါလိမ့်မယ်။

မေး-မြို့ပြအင်ဂျင်နီယာတွေကပဲ ဗိသုကာပုံစံတွေကို ဆွဲပေးနေပါသလား။

ဖြေ-အထပ်မြင့်တိုက်ကြီးတွေအတွက်ဆိုရင်တော့ ဘယ်သူပဲဆွဲဆွဲ၊ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို တင်မယ်ဆိုရင်တော့ ဗိသုကာပညာရှင်ရဲ့ လက်မှတ်ပါဖို့ လိုပါလိမ့်မယ်။

Back...

The Myanmar Chronicle

လစဉ်အထူး | အတွဲ ၁၊ အမှတ် ၂၊ မေ ၂၀၀၄



ADDA Systems Software Development
That we are able is your advantage
Shwe Dream .com
MYANMARBIBLE.NET

# ''ကွန်ဒိုနေသူများ၏ နှုတ်ထွက်စကားများ''

မြင့်ဇော်အောင်

ဓာတ်ပုံ–မြင့်ဇော်အောင်

ကွန်ဒိုမီနီယမ်ဟုခေါ်သော အထပ်မြင့်တိုက်ကြီးများအကြောင်းကို ပြောမည်ဆိုလျှင် ကန်ထရိုက်တာများနှင့် အင်ဂျင်နီယာများသာမက နေထိုင်သူများအကြောင်းပါ ပါဝင်မှပြည့်စုံမည် ဖြစ်သည်။ သည့်အတွက် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ပုလဲကွန်ဒိုမီနီယမ် (၁၂) လွှာတွင်နေထိုင်သူ ဒေါ်စီစီနှင့် တွေ့ဆုံခဲ့ရာ–


ပုလဲကွန်ဒိုမီနီယမ်

မေး–ဒီမှာနေတာဘယ်လောက်ကြာပြီလဲ။

ဖြေ–သုံးလပဲရှိသေးတယ်။

မေး–ဘာ့ကြောင့်ဝယ်ခဲ့တာလဲ။

ဖြေ–အကြိုက်ကြီးမဟုတ်ပေမယ့် နေလို့ကောင်းမယ်ထင်လို့ ဝယ်ခဲ့တာပါ။ ပိုက်ဆံသိမ်းချင်တဲ့ သဘောလည်းပါ ပါတယ်။

မေး–ဝယ်တုန်းက ကုမ္ပဏီကပြောတဲ့အနေအထားအတိုင်း အခုရနေပါသလား။

ဖြေ–အများကြီးကွာတယ်။ စရံငွေပေးတုန်းက အလုပ်သမားခေါ်ပေးမယ်လို့ ပြောတယ်။ အခုကျတော့ မပေးဘူး။ ကိုယ့်ဘာသာကိုယ် ခေါ်ရတယ်။ ကျန်တာတွေလည်း ရှိသေးတယ်။

မေး–အရင်က ဘယ်မှာနေခဲ့သလဲ။

ဖြေ–မင်္ဂလာတောင်ညွန့်မှာ လုံးချင်းအိမ်နဲ့နေခဲ့တယ်။

မေး–အရင်နေခဲ့တဲ့လုံးချင်းအိမ်နဲ့ အခုနေနေတဲ့ တိုက်ခန်းဘယ်လိုကွာသလဲ။

ဖြေ–ဒီတိုက်ခန်းမှာ စနေတုန်းကတော့ မှန်တံခါးကနေ အပြင်ကိုကြည့်လိုက်ရင် ရှုခင်းတွေမြင်ရတော့ စက္ကာပူလိုလို၊ ဘာလိုလိုနဲ့။ အရင်က အထပ်မြင့်မှာနေရင် ဖုန်ထူတာသက်သာမယ်လို့ထင်ထားတာ။ တကယ်တမ်းကျတော့ အထပ်မြင့်လေ၊ ဖုန်ပေါလေပဲ။ အောက်ကအမှိုက်မီးရှို့ရင်လဲ ပြာတွေလွင့်လာတယ်။ တံခါးဖွင့်ထားရင် ခြင်ဝင်လာတယ်။ ကားသံကလဲ အရမ်းဆူတယ်။ လုံးချင်းကိုပဲ ပိုကြိုက်တယ်။

မေး–ဓါတ်လှေကားအသုံးပြုရတာရော အဆင်ပြေရဲ့လား။

ဖြေ–မီးမလာရင်တော့ ဓါတ်လှေကားတစ်စင်းပဲ မောင်းပေးတယ်။ လူကများတော့ စောင့်ရတာပေ့ါ။ မီးလာရင်တော့ နှစ်စင်းလုံး မောင်းပေးလို့ အဆင်ပြေပါတယ်။ အိမ်စပြောင်းပြောင်းချင်းတုန်းက အိမ်သုံးပစ္စည်းအလေးတွေကို ဓါတ်လှေကားနဲ့ ပေးမသယ်လို့ ဓါတ်လှေကားဝန်ထမ်းကို ပိုက်ဆံပေးပြီးခိုင်းရတယ်။ အဲဒီလိုပေးရတာ နှစ်ခါလောက်ရှိတော့ ပစ္စည်းသယ်ခိုင်းတိုင်း ပေးရမယ်ဆိုရင် အစ်မတို့လည်း မသက်သာဘူးလို့ ပြောလိုက်တော့ နောက်ပိုင်းမှာ သယ်ခွင့်ပေးပါတယ်။

မေး–တိုက်ဆေးသုတ်တာကို ဘယ်သူတာဝန်ယူသလဲ။

ဖြေ–အဲဒါတော့ မသိဘူး။ အစ်မတို့ ပြောင်းလာပြီးမှ တစ်ခါမှမသုတ်သေးဘူး။

မေး–တိုက်ခန်းတွေရဲ့ခိုင်ခံ့မှုကိုရော ဘယ်လိုမြင်သလဲ။

ဖြေ–ဒီမှာက ပိုလုံခြုံပါတယ်။ ဒါပေမယ့် ကလေးတွေအတွက်တော့ အန္တရာယ်ရှိမယ်။ ပြတင်းပေါက်တံခါးတွေက နိမ့်တော့ အလွယ်တကူ ခုန်လို့ရတယ်။

မေး–ဒီတိုက်ခန်းမှာ ရေရှည်နေသွားမှာလား။

ဖြေ–စိတ်ကူးမရှိဘူး။ လုံးချင်းပဲနေမယ်။ အခုဆို လုံးချင်းနေဖို့ အိမ်ရှာပြီးပြီ။

မေး–ဒါဆို ဒီအခန်းကို ရောင်းခဲ့မှာလား။

ဖြေ–ရောင်းတော့မရောင်းသေးဘူး။ ဒီအတိုင်းပဲထားဦးမယ်။

ဆက်လက်၍ ရန်ကုန်မြို့ ဗားကရာလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ ယုဇနတာဝါရှစ်ထပ်တွင် နေထိုင်သူ ဒေါ်ငြိမ်းငြိမ်းနှင့် တွေ့ဆုံခဲ့ပါသည်။


ယုဇနတာဝါ

မေး–ဒီမှာနေတာဘယ်လောက်ကြာပြီလဲ။

ဖြေ–(၂) နှစ်ရှိပြီ။

မေး–အရင်ဘယ်မှာနေခဲ့သလဲ။

ဖြေ–လှိုင်သာယာက FMI ပထမထပ်မှာနေခဲ့တယ်။

မေး–ဘာကြောင့် ဒီတိုက်ခန်းမှာနေတာလဲ။

ဖြေ–ဒီနားလေးကိုကြိုက်လို့ တမင်ပြောင်းလာတာ။ ရွှေတိဂုံဘုရားကို ဖူးလို့ရတယ်။ လေကောင်းလေသန့်လဲ ရတယ်။ ကလေးတွေအတွက်လဲ ကျောင်းနဲ့နီးတယ်ဆိုတော့ အဆင်ပြေပါတယ်။

မေး–အရင်နေရာနဲ့ အခုနေရာ ဘယ်ဟာကိုပိုနှစ်သက်ပါသလဲ။

ဖြေ–ဒီနေရာကို ပိုကြိုက်တယ်။

မေး–ဒီတိုက်ခန်းဝယ်တုန်းက ဘယ်လောက်ပေးခဲ့ရသလဲ။ အခုရော ဈေးဘယ်လောက်ပေါက်နေပြီလဲ။

ဖြေ–ဒီအခန်းကို (၃၈) သိန်းနဲ့ ရခဲ့တာပါ။  အခုနေဆိုရင်တော့ ရောင်းမယ့်သူတွေက သိန်း (၆၀၀) လောက် လိုချင်နေကြတယ်။

မေး–မဝယ်ခင်ကမျှော်လင့်ထားတဲ့အတိုင်း အဆင်ပြေနေပါသလား။

ဖြေ–ပြေပါတယ်။ ဒါပေမယ့် သူတို့ပြောတုန်းက သန့်ရှင်းရေးကို တာဝန်ယူမယ်ဆိုပြီး တကယ်တမ်းကျတော့ ကိုယ့်ဘာသာကိုယ် ပိုက်ဆံပေးပြီး ခိုင်းရတယ်။ အလုပ်သမားတွေကလည်း ခိုတယ်။

မေး–ဓါတ်လှေကား သုံးရတာရော အဆင်ပြေရဲ့လား။

ဖြေ–မီးပျက်ရင်မီးစက်မောင်းပေးတယ်။ နားလည်မှုနဲ့ ပစ္စည်းသယ်လို့ရပါတယ်။ ဒါပေမယ့် ပစ္စည်းအလေးကြီးတွေကိုတော့ ဘေးလှေကားက သယရတာများတယ်။

မေး–အထပ်မြင့်မှာ နေရတာ စိုးရိမ်ရပါသလား။

ဖြေ–မိုးတွင်းပဲကြောက်ရတယ်။ တိုက်က ကွင်းပြင်ကြီးမှာဆိုတော့ လေပြင်းတိုက်ရင် လေတိုးသံတွေက အရမ်းကြောက်ဖို့ကောင်းတယ်။

မေး–ဒီတိုက်ခန်းကို ရောင်းဖို့ အစီအစဉ်ရှိသလား။

ဖြေ–အမြဲတမ်းနေသွားဖို့ပဲ စိတ်ကူးပါတယ်။

Back...